

# တတိယမြောက်
# မဟာမဲခေါင်ဒေသခွဲ
# စီးပွားရေးစင်္ကြံ
# မြို့ပြဖွံ့ဖြိုးမှုစီမံချက်
# အကြိုပြင်ဆင်မှုလုပ်ငန်း



စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကြောင့် စကြံ့မြို့သုံးမြို့လုံးမှာ ပြဿနာရှိနေပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ပံ့ပိုးမှုဖြင့် အကြံပေးပညာရှင်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံ တောင်ပိုင်းတွင် တတိယမြောက် (GMS) မဟာမဲခေါင်ဒေသခွဲရှိ စီးပွားရေးစကြံ့မြို့ပြဖွံ့ဖြိုးမှုစီမံချက်အတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါသည်။ [၁]

မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့များသည် GMS ၏ အရှေ့အနောက် စီးပွားရေးစကြံ့တွင် အနောက်ဘက်အစွန်း၌ရှိသော မြို့သုံးမြို့ဖြစ်ပါသည်။ နယ်စပ်မြို့ဖြစ်သော မြဝတီမှ ဆက်၍ တည်ဆောက် လာသော အာရှလမ်းမကြီး အမှတ် (၁) (AH1) သည် မြန်မာနိုင်ငံ၏ တောင်ပိုင်းနှင့် ထိုင်းနိုင်ငံတို့ ဆက်သွယ်မှုကို လျင်မြန်ထိရောက်စွာ တိုးတက်စေမည်ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း နယ်စပ်ကုန်သွယ်ရေးမှာ တိုးတက်လာခဲ့ပါသည်။ တရားဝင် လမ်းကြောင်းမှ ဝင်ရောက်လာသော ကုန်တင်ကားကြီးများ ရန်ကုန်သို့ ဆင်းနိုင်ရန်အတွက် အကောက်ခွန်ဌာန၏ စစ်ဆေးမှုကို ခံယူရပါသည်။ ထိုင်းနိုင်ငံအတွင်း ဈေးဝယ်ရန် အလုပ်အကိုင်ရှာဖွေရန်၊ ကုန်သွယ်ရန် နယ်စပ်ဂိတ်မှတစ်ဆင့် ဝင်ရောက်လျက်ရှိသော်လည်း အချို့မှာ နယ်စပ်မြစ်ကို လှေများဖြင့် တရားမဝင် ဖြတ်သန်းသွားလျက်ရှိပါသည်။

မြန်မာနိုင်ငံအစိုးရအနေနှင့် မြဝတီမြို့နှင့် အခြားစကြံ့မြို့များ၏ အခြေခံအဆောက်အဦးများ ဖွံ့ဖြိုး တိုးတက်လာရန် ရင်းနှီးမြှုပ်နှံဖို့ ကြိုးစားကာ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးကောင်းမွန်မှုကို အခြေခံ၍ အရှေ့အနောက် စီးပွားရေးစကြံ့တစ်လျှောက် စီးပွားရေးတိုးတက်နှုန်းနှင့် အမီလိုက်နိုင်ရန် ဆန္ဒရှိနေ ပါသည်။

၁ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြံ့မြို့ပြစီမံချက်၏ ရည်ရွယ်ချက်မှာ မြို့ပြအခြေခံအဆောက်အဦးများကို ဖွံ့ဖြိုးတိုးတက် စေရန် ရင်းနှီးမြှုပ်နှံလျက် ယှဉ်ပြိုင်တိုးတက်လာစေရန်ဖြစ်ပါသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများတွင် စီမံချက်၏ ပထမအဆင့်အနေနှင့် (၁၀)မြို့၊ ဒုတိယဆင့်အနေဖြင့် (၇)မြို့တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

စီမံချက် ကြိုတင်ပြင်ဆင်ရေးအဖွဲ့အနေနှင့် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများနှင့် ကုန်ကျစရိတ်များကို လေ့လာတွက်ချက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် တွဲဖက်အဖွဲ့အစည်းများက ချေးငွေထုတ်ပေးသွားရန် အစီအစဉ်ရှိပါသည်။ အမှိုက်များအား စနစ်တကျ စွန့်ပစ်နိုင်မှုမရှိခြင်းသည် မြို့သုံးမြို့လုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပြီး ဒေသခံတို့၏ လူနေမှုအဆင့်အတန်းကို နိမ့်ကျစေသည့် အဓိကပြဿနာတစ်ခု ဖြစ်ကြောင်း တွေ့ရပါသည်။ မြဝတီမြို့အား ရေပေးနေသော နယ်ခြားသောင်ရင်းမြစ်၏ ဘေးမှာပင် အမှိုက်များ စုပုံထားသည်ကို တွေ့နိုင်ပါသည်။

ADB ၏ မြို့ပြဖွံ့ဖြိုးမှုတာဝန်ခံ ပညာရှင် မစ္စအေရီဟွန်ဒါက ဤမြို့ပြဖွံ့ဖြိုးမှုစီမံချက်သည် စကြံ့မြို့ သုံးမြို့လုံး၏ အနာဂတ်အတွက် အရေးကြီးကြောင်းကို ...

"အာရှလမ်းမကြီးနဲ့ မဟာမဲခေါင်ဒေသခွဲရဲ့ အရှေ့အနောက် စီးပွားရေးစကြံ့ အဆင့်မြင့်လာရင် ဒေသတွင်း ကူးသန်းရောင်းဝယ်ရေးနဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးတက်လာမှာ သေချာတယ်။ ဒါပေမဲ့ စကြံ့တစ်လျှောက်မှာရှိတဲ့ မြို့တွေမှာ ရှိနေတဲ့ အခြေခံအဆောက်အဦတွေ အဆင့်မမီရင် နောက်ကျကျန်ရစ်လိမ့်မယ်။ ဒါကြောင့် ရေရရှိရေး၊ အမှိုက်စွန့်ပစ်ရေး စတဲ့ အခြေခံဝန်ဆောင်မှုလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ အရေးကြီးပါတယ်" ဟု အကြံပြုခဲ့ပါသည်။

ဤစကြံ့မြို့များတွင် ရေရရှိရေးလုပ်ငန်းများမှာ အားနည်းလှသဖြင့် အဆင့်မြှင့်ဖို့ များစွာလိုအပ်ပါသည်။ ဘားအံမြို့တွင် မြစ်ထဲမှ ရေကို စုပ်တင်ပြီး သန့်စင်မှုမပြုဘဲ လူထုကို ဖြန့်ဝေပေးလျက်ရှိနေပါသည်။ ဤရေကိုပင် မြို့လူထု၏ (၁၁%) ရာခိုင်နှုန်းသာ ဝန်ဆောင်မှုပေးနိုင်ပါသည်။ အများစုမှာမူ ကိုယ်ပိုင်ရေတွင်းများကိုသာ သုံးစွဲကြပြီး တတ်နိုင်သူများကမူ ရေသန့်ဘူးများ ဝယ်သောက်ကြပါသည်။



ဘားအံစက်မှုဇုန်မှ စက်ချုပ်အလုပ်သမများ

မော်လမြိုင်မြို့တွင်မူ ဆည်နှစ်ခုမှ ရေကိုယူ၍ အဓိက ဖြန့်ဝေမှုပြုပါသည်။ သို့ရာတွင် ရေဆုံးရှုံးမှု ပမာဏမှာ (၉၀%) ရာခိုင်နှုန်းခန့် ရှိနေပါသည်။ မြို့၏ သုံးပုံတစ်ပုံခန့်သာ ရေပေးနိုင်သည့်တိုင် တစ်နေ့တွင် (၁)နာရီမှ (၂)နာရီခန့်သာ ဖြန့်ဝေပေးနိုင်ပါသည်။

စီမံချက်အဖွဲ့၏ ကွင်းဆင်းလေ့လာချက်အရ ဒေသခံလူထုအနေနှင့် ရေမှန်မှန်မရမှာ စိုးရိမ်ကြသည် မှန်သော်လည်း ၎င်းတို့၏ အဓိကပြဿနာမှာ အမှိုက်များကို စနစ်တကျ သိမ်းဆည်းပေးဖို့ဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ ADB ၏ စီမံချက် ကြိုတင်ပြင်ဆင်ရေးအဖွဲ့၏ စီးပွားရေးပညာရှင် ဒေါ်ကြည်ကြည်လှိုင်က ...

"မော်လမြိုင်မြို့နဲ့ ဘားအံ့မြို့တွေမှာ စစ်တမ်းကောက်ယူခဲ့ကြပါတယ်။ ကျွန်မတို့အတွေ့အကြုံအရ အဓိကပြဿနာက အမှိုက်သိမ်းစနစ်နဲ့ပတ်သက်လို့ ဖြေရှင်းပေးရမဲ့ အဓိကလုပ်ငန်းတာဝန်တစ်ခုလို့ ထင်တယ်။ လူတွေက အမှိုက်ကို အလွယ်တကူ စွန့်ပစ်ကြတယ်။ မော်လမြိုင်မှာဆိုရင် မြစ်ထဲချောင်းထဲမှာ စွန့်ကြတယ်။ အမှိုက်မီးရှို့တယ်။ ဒါတွေဟာ အန္တရာယ်ဖြစ်တယ်ဆိုတာ မသိကြဘူး"

ADB က ဤမြို့သုံးမြို့၏ အခြေခံမြို့ပြဂန်ဆောင်မှု အဆင့်မြှင့်တင်နိုင်ဖို့ အမေရိကန်ဒေါ်လာ သန်းပေါင်း ရှစ်ဆယ် ထုတ်ချေးသွားမည်ဖြစ်ပါသည်။ ပြည်နယ်အစိုးရအဖွဲ့များအနေနှင့် ပထမဦးဆုံး အတွေ့အကြုံဖြစ်သဖြင့် ADB ၏ ချေးငွေများကို စနစ်တကျ ဆက်သွယ်ရယူနိုင်မည့် နည်းလမ်းနှင့် လုပ်ငန်းစဉ် များကို ကျွမ်းဝင်မှု မရှိချေ။ သို့ဖြစ်၍ အတွေ့အကြုံများရှိထားနှင့်သော မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးထွန်းကြည်က ပြည်နယ်အစိုးရ ဌာနဆိုင်ရာများနှင့် ဆွေးနွေးပွဲတွင် ရှင်းလင်းတင်ပြခဲ့ရာ များစွာ အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ကရင်ပြည်နယ်မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်ဝင်းက ...

"မန္တလေးစည်ပင်ကလည်း အခုလို လာရောက်ပြီးတော့ ရှင်းပြတဲ့အတွက်ကြောင့် ရေပေး ဝေရေး အတွေ့အကြုံတွေ အများကြီးရတယ်။ ဒီလို ADB အဖွဲ့ကနေပြီး ချေးငွေရယူတဲ့ ကိစ္စတွေ၊ ဆက်သွယ် ဆောင်ရွက်ရမဲ့ နည်းလမ်းတွေ အများကြီးရလို့ ကျေးဇူးတင်ပါတယ်" ဟု မှတ်ချက်ပြုပါသည်။

စီမံချက် ကြိုတင်ပြင်ဆင်ရေးအဖွဲ့သည် ဘားအံမြို့ရှိ စက်မှုဇုန်ကို အဆင့်မြင့်ရန် နည်းလမ်းများ ရှာဖွေပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်စွမ်းရှိရန် ကြိုးစားလျက်ရှိပါသည်။ လက်ရှိစက်ရုံများတွင် အကြီးဆုံး စက်ရုံမှာ UMH အထည်ချုပ်စက်ရုံဖြစ်ပြီး လုပ်သားအင်အား သုံးရာခန့်ရှိပါသည်။ UMH စက်ရုံ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြတ်စန်းဝင်းက ...

"ဘားအံမှာ ကျွန်မတို့ အလုပ်အတွက် အခြေခံလိုအပ်ချက်တွေ ကောင်းကောင်းရနိုင်ပါတယ်။ အခြေခံ အဆောက်အဦးတွေက အခုအချိန်မှာ မပြည့်စုံပေမဲ့လည်း ဘန်ကောက်နဲ့ အခြားနိုင်ငံတွေကို ကုန်စည်တွေ တင်ပို့နိုင်ခဲ့ပါတယ်။ တစ်ပတ် ဆယ်ရက်လောက်ပဲ ကြာတယ်။ အထည်ချုပ်လုပ်ငန်းမှာ အချိန်မီပြီးစီး တင်ပို့ နိုင်ဖို့က အရေးကြီးတယ်" ဟုဆိုပါသည်။

စီးပွားရေးစင်္ကြံမြို့ပြများ၏ ဖွံ့ဖြိုးမှုအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာ ဗျူဟာမြောက် အရေးပါ လှသည်။ မြန်မာပြည်၏ အဓိကခရီးသွားလုပ်ငန်းများ၏ ပြင်ပမှရှိနေသော ထိုမြို့များမှာ အလားအလာ ကောင်းများ ရှိပါ၏။ ဘားအံမြို့မှ လှပသည့် ထုံးကျောက်တောင်ကြီးများမှာ ကရင်လူမျိုးတို့ တန်ဖိုးထားရာ နေရာများဖြစ်သည့်အပြင် သမိုင်းတန်ဖိုးကြီးလှသည့် ဂူများကလည်း ခရီးသည်များကို ဆွဲဆောင်နိုင်စွမ်းရှိနေ ပါသည်။

မော်လမြိုင်မြို့တွင်လည်း ဘုရားစေတီများသာမက ရှေးကျသည့် အဆောက်အဦများ၊ ကိုလိုနီခေတ်က အဆောက်အဦများစွာရှိပါသည်။ ယိုယွင်းပျက်စီးမှုများကိုသာ စနစ်တကျ ပြုပြင်နိုင်ပါက ကမ္ဘာလှည့်ခရီးသည် များကို ဆွဲဆောင်နိုင်မည့်နေရာများ ဖြစ်ပါသည်။



အင်္ဂလိပ်ခေတ်က ဘုရားရှိခိုးကျောင်းဟောင်းတစ်ခုပုံဖြစ်သည်။
မော်လမြိုင်တွင် ရှေးဟောင်းအဆောက်အဦများစွာရှိသည်။

စီမံချက်ကြိုတင်ပြင်ဆင်ရေးအဖွဲ့က မော်လမြိုင်မြို့၏ရှေးဟောင်းအဆောက်အဦများကို မှတ်တမ်းတင် စာအုပ်ထုတ်ပြီး ရေရှည်ထိန်းသိမ်းနိုင်မည့် ရန်ပုံငွေတစ်ရပ် စုစည်းထူထောင်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။ ပိုင်ရှင်များအနေနှင့် ငွေကြေးနှင့် နည်းပညာများ ရယူပြီး စီးပွားဖြစ်ထွန်းအောင် ပြုပြင်နိုင်ဖို့လိုပါသည်။ ဤအကြံဉာဏ်နှင့်ပတ်သက်၍ မွန်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ...

"အမှတ်တရအဆောက်အဦတွေ အများကြီးရှိတယ်။ ဒါတွေကို ထပ်ပြီး ဘယ်လိုရေရှည်ထိန်းသိမ်းမလဲ ဆိုတဲ့ အလုပ်တွေကို လုပ်ဆောင်ကြမယ်ဆိုရင် မော်လမြိုင်မြို့မှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရင်းနဲ့ စီးပွားဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယူဆပါတယ်" ဟု မိန့်ကြားပါသည်။

သံလွင်မြစ်ကို စီးမိုးကြည့်နိုင်သော မော်လမြိုင်မြို့သည် သဘာဝ၏အလှကို ဖော်ကျူးလျက်ရှိပါသည်။ ဤအလှသည် ၁၈၈၉ ခုနှစ်က ရောက်လာခဲ့သော အင်္ဂလိပ်စာရေးဆရာကြီး ရူဒီယပ်ကစ်ပလင်းကို ဖမ်းစားခဲ့ပါသည်။ တောင်ကုန်းတောင်စွယ်တွေမှာ ရွှေရောင်ဝင်းနေသည့် ဘုရားစေတီများအကြောင်း တင်ပြရင်း ကစ်ပလင်းက "ဘယ်ခရီးလမ်းပေါ်မှ ရောက်မသွားတဲ့နေရာ" ဟူ၍ တင်စားခဲ့ပါသည်။ တည်ငြိမ်လှသည့် မော်လမြိုင်မြို့မှာ အပြောင်းအလဲများစွာ မရှိခဲ့ရာမှ ယခုအခါ ဘားအံနှင့် မြဝတီမြို့များနှင့်အတူ ဖွံ့ဖြိုး တိုးတက်မည့် ခရီးလမ်းတစ်ခုအတွက် စတင်တော့မည်ဖြစ်ပါသည်။

တတိယမြောက် မဟာမဲခေါင်ဒေသ စီးပွားရေးစင်္ကြံမြို့ပြ ဖွံ့ဖြိုးမှုစီမံချက်သည် ၂၀၁၆ ခု၊ ဇန်နဝါရီလကပင် အဆင်သင့်ဖြစ်နေပြီး မြန်မာနိုင်ငံ၏ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ ဆန္ဒစစ် အတည်ပြုချက်ကို ရယူလျက်ရှိပါသည်။

## တတိယမြောက် မဟာမဲခေါင်ဒေသခွဲစီးပွားရေးစင်္ကြံ မြို့ပြဖွံ့ဖြိုးမှုစီမံချက်

အဓိကပါဝင်သောလုပ်ငန်းများ

- ပြည်နယ်များနှင့် ဒေသအတွင်း စီးပွားဖွံ့ဖြိုးရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရန် စီမံချက်ရေးဆွဲခြင်း
- ဘားအံမြို့၏ စက်မှုဇုန်ကို ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်အောင် ဆောင်ရွက်ခြင်း
- ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုဖြင့် ရှေးဟောင်းအမွေအနှစ် များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
- မော်လမြိုင်မြို့၏ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ရန် ရှေ့ပြေးစီမံချက် ချမှတ်ဆောင်ရွက်ခြင်း
- ရေရင်းမြစ်များ ပြုပြင်ခြင်း၊ ရေသန့်စင်ခြင်းနှင့် တိုးချဲ့ဖြန့်ဝေခြင်းအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း
- အမှိုက်စုဆောင်း၊ စွန့်ပစ်စနစ် တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပြန်လည်၍ အသုံးချခြင်း၊ မြေဩဇာ ပြုလုပ်ခြင်းနှင့် ဆေးရုံအမှိုက်များကို သန့်စင်ပေးခြင်း
- ဘားအံနှင့် မြဝတီမြို့များတွင် အမှိုက်စွန့်ပစ်ရန် နေရာသစ်များ စီစဉ်ပေးခြင်း
- မြို့ပြဝန်ဆောင်မှုလုပ်ငန်းများ ကို အရည်အသွေးမြှင့်တင်နိုင်မည့် ပြည်နယ်အစိုးရများဖြစ်လာစေရန် အားဖြည့် ပံ့ပိုးခြင်း

ဘဏ္ဍာငွေလျာထားချက်

- စီမံချက်ကုန်ကျငွေ အမေရိကန်ဒေါ်လာ သန်း (၁၀၀)
- ADB ချေးငွေ အမေရိကန်ဒေါ်လာ သန်း (၈၀)
- လိုသည့်ငွေကို မိတ်ဖက်အဖွဲ့များ၊ ထောက်ပံ့ငွေများနှင့် အစိုးရ၏ ပူးပေါင်းဖြည့်ဆည်းမှုမှ ကျခံရန်

## ဆက်သွယ်ရန်

အေရီဟွန်ဒါ
အာရှဖွံ့ဖြိုးရေးဘဏ် ADB
ehonda@adb.org

ဒေါ်အေးအေးမြင့်
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ
dhshd.frs@gmail.com

Creative Commons Attribution 3.0 IGO license (CC BY 3.0 IGO)
© 2016 ADB. The CC license does not apply to non-ADB copyright materials in this publication.
Publication Stock No. ARM167947-2